Message Six

## တရားသူကြီးများစာစောင်၏ ပင်ကိုမူလပုံဆောင်ချက်

## နှင့်

## ဘုရားသခင်ကို ကိုးကွယ်ခြင်း၌ အစ္စရေးလူတို့၏ အယူလွဲမှားမှု

ဖတ်ရန်ကျမ်း။ ။ သူကြီး၊ ၁း၁။ ၂း၁။ ၁၇း၁-၅။ ၁၈း၁၊ ၃၀-၃၁။ ၂သက်၊၂း၂-၃။ ၂ပေ၊၁း၃-၂၁။ ၂း၁၊ ၁၅

**I. ကျွန်ုပ်တို့သည် တရားသူကြီးများစာစောင်၏ ပင်ကိုမူလ ပုံဆောင်ချက်ကို သိရန် လိုအပ်သည်။**

A. တရားသူကြီး ၁း၁-၂၀ တွင် အစ္စရေးလူတို့က ယေဟောဝါကို တောင်းလျှောက်ခြင်းက အစ္စရေးတို့၏ ဘုရားသခင်၌ကိုးစားခြင်း၏ လှပမှုကို ဖော်ပြထားသည်။ ဤအံ့သြဖွယ်သော သခင်ဘုရားနှင့်အတူ တစ်လုံးတစ်ဝဖြစ်ခြင်း ရုပ်ပုံကားချပ်သည် ဘုရားသခင်နှင့် ကိုယ်တော်လူမျိုးတော်၏ အသက်ဆိုင်ရာပေါင်းစည်းခြင်းကို သရုပ်ဖော်ပြပေးကာ၊ ယင်းသည် ယောရှုစာစောင်ရှိ တစ်လုံးတစ်ဝဖြစ်ခြင်း၏ ဆက်လက်ဖြစ်ပွားခြင်းဖြစ်ပြီး၊ ယောရှု ၆ တွင် ဖော်ပြထားသည့်အတိုင်း အစ္စရေးလူများသည် ကောင်းသောမြေအထဲသို့ ပထမဆုံးဝင်ရောက်သည့်အချိန်က ဖြစ်ခဲ့သောအရာဖြစ်သည် - စာရင်း၊၂၇း၂၁။ ၁ရှမွေ၊ ၂၂း၁၀။ ၂၃း၉-၁၀။ ၂ရှမွေ၊၂း၁။

B. ဓမ္မဟောင်းကျမ်း၏ ပြည့်စုံသော အတိုင်းအတာအရ သိနာတောင်ပေါ်တွင် ဘုရားသခင်သည် အစ္စရေးလူမျိုးကို လက်ထပ်ခဲ့သည် - ထွ၊၂၀း၆၊ မှတ်စု ၂။

1. ကိုယ်တော်၏ ခံယူချက်နှင့် အလိုတော်၌ ဘုရားသခင်သည် အစ္စရေးအဖို့ ခင်ပွန်းဖြစ်လိုပြီး၊ အစ္စရေးကို ကိုယ်တော်အဖို့ ဇနီးဖြစ်စေလိုကာ၊ ဤအံ့သြဖွယ် လက်ထပ်ထိမ်းမြားသည့် ပေါင်းစည်းခြင်း၌ ကိုယ်တော်နှင့် အရင်းနှီးဆုံး ဆက်သွယ်မှု၌ အသက်ရှင်လိုခြင်းဖြစ်သည်။
2. သမိုင်းကြောင်းစာစောင်များကို ရေးသားခြင်း၌ ရှမွေလသည် ယောရှုစာစောင်ပြီးနောက် တရားသူကြီးစာစောင်ကို ထားရှိခြင်းမှာ အစ္စရေးသည် သူမ၏ခင်ပွန်းထံသို့ အသက်ရှင်သည့် အသက်တာမျိုးကို ပြသရန်ဖြစ်သည်။
3. တရားသူကြီးများစာစောင်၌ ဖွင့်ပြထားသည့်အတိုင်း အစ္စရေးသည် ယေဟောဝါ၏ ဇနီးဖြစ်ရန် စိတ်နှလုံးမရှိခဲ့ပေ။ ထိုအစား သူမသည် ဘုရားသခင်ကို သူမ၏ခင်ပွန်းအဖြစ်မှ ငြင်းပယ်ခဲ့ပြီး၊ အခြားသော ဘုရားများနောက်သို့ ပြည့်တန်ဆာမိန်းမကဲ့သို့ လှည့်လည်သွားလာကာ၊ သူတို့ကို ကိုးကွယ်ခဲ့လေသည် - ၂း၁၁-၁၂၊ ၁၇။ ၃း၇။ ၈း၃၃။ ၁၀း၆။ ညွှန်း၊ ယေ၊၁၁း၁၃။ ယေဇ၊၁၆း၂၅-၂၆။ ဟောရှေ၊၁း၂။ ၂း၂။

C. တရားသူကြီး ၁း၁-၂၀ တွင် ယုဒနှင့် ကာလက်၏ အကြောင်းအရာပြီးနောက်၊ အစ္စရေး၏ သမိုင်းကြောင်းသည် ဤစာစောင်တွင် မှတ်တမ်းတင်ထားသည့်အတိုင်း ပြည့်တန်ဆာမ၏ ပုပ်ပျက်ခြင်း၊ ဖော်ပြန်ပျက်စီးခြင်းနှင့် ပြည့်ဝနေသည်။

1. ယောရှုစာစောင်သည် ယေဟောဝါ မျက်မှောက်တော်၌ ခါနန်ပြည်သားများအပေါ် အစ္စရေး၏ အံ့သြဖွယ် အောင်မြင်မှုများနှင့် ပြည့်နေသည့် သမိုင်းကြောင်း စာစောင် ဖြစ်သော်လည်း၊ တရားသူကြီးများစာစောင်မှာမူ ယေဟောဝါကို စွန့်လွှတ်ခြင်း၌ သူတို့၏ရန်သူများ လက်အောက်တွင် အစ္စရေး၏ ဝမ်းနည်းဖွယ်ရာ ရှုံးနိမ့်မှုများနှင့် ပြည့်နေသည့် သမိုင်းကြောင်းစာစောင်ဖြစ်သည်။
2. ဤသည်မှာ တရားသူကြီးများစာစောင်၏ ပင်ကိုမူလ ပုံဆောင်ချက်ဖြစ်သည်။

D. တရားသူကြီးများစာစောင်၏ ပါဝင်သောအရာမှာ အစ္စရေးအမျိုးသားများက ဘုရားသခင်၌ ကိုးစားယုံကြည်ခြင်း၊ ဘုရားသခင်ကို စွန့်ခွာခြင်း၊ သူတို့၏ရန်သူများထံ ရှုံးနိမ့်ခြင်း၊ ဒုက္ခဆင်းရဲခံရခြင်း၌ ဘုရားသခင်ထံသို့နောင်တရခြင်း၊ တရားသူကြီးများမှတစ်ဆင့် ကယ်လွှတ်ခံရခြင်း၊ နောက်တစ်ဖန် ဖောက်ပြန်ပျက်စီးလာခြင်းတို့ ပါဝင်ပေါင်းစပ်ထားသည်။ ဤအရာသည် တရားသူကြီးများစာစောင်၌ ခုနစ်ကြိမ်တိုင် ထပ်ခါထပ်ခါ လည်နေခြင်း ဖြစ်လာခဲ့သည် - ၁း၁-၂။ ၂း၁၁-၃း၁၁။

**II. တရားသူကြီး ၂း၁ တွင် ယေဟောဝါ၏ ကောင်းကင်တမန်တော်အကြောင်း ပြောထားသည် - ၅း၂၃။ စာရင်း၊၂၂း၂၂။**

A. ယေဟောဝါ၏ ကောင်းကင်တမန်တော်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ကာ၊ ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၌ ကိုယ်တော်၏ ရွေးချယ်ခံများထံ အစေခံကျွန်အဖြစ် အစေခံခြင်းဖြစ်သည် - ညွှန်း၊ ဟေဗြဲ၁း၁၄။

B. သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းမှာ ခရစ်တော်ဖြစ်ပြီး၊ ခရစ်တော်သည် ယေဟောဝါ၏ကောင်းကင်တမန်တော်ဖြစ်ကာ၊ ဓမ္မဟောင်းတွင် လုပ်ဆောင်ပြုမူခြင်းရှိသည့် ယေဟောဝါအဖြစ် အစ္စရေးကို ဂရုစိုက်နေသည် - ထွ၊၃း၂၊ မှတ်စု ၁။

C. ခရစ်တော်သည် ယေဟောဝါ၏ ကောင်းကင်တမန်တော်ဖြစ်ခြင်းမှာ ဘုရားသခင်သည် ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၌ မိမိကိုယ်တော်တိုင်ကို မိမိလူမျိုးတော်အား ဂရုစိုက်ခြင်းရှိရန် ခွဲခန့်ထားခြင်း၊ ခန့်အပ်စေခိုင်းခြင်းဖြစ်ကြောင်းကို ဆိုလိုပါသည်။

D. အစ္စရေးသည် သင့်လျော်မှန်ကန်သည့် ဇနီးတစ်ဦးအဖြစ် ပြုမူခြင်းမရှိသောကြောင့် ခင်ပွန်း၊ ဦးခေါင်းနှင့် အစ္စရေး၏ ရှင်ဘုရင်ဖြစ်သော ယေဟောဝါသည် ကိုယ်တော်၏ဇနီးအဖို့ အစေခံဖြစ်လာခဲ့သည်။

   1. ယေဟောဝါသည် ခင်ပွန်း၊ ဦးခေါင်း သို့မဟုတ် ရှင်ဘုရင်အဖြစ် ကြွလာခြင်းမဟုတ်ဘဲ၊ ယေဟောဝါအားဖြင့် စေလွှတ်ခံရသော ယေဟောဝါ၏ ကောင်းကင်တမန်တော်အဖြစ် ကြွလာခဲ့သည် - ဇာ၊၂း၉-၁၁။
   2. အစ္စရေးသည် ယေဟောဝါကို ဦးခေါင်းတော်အဖြစ် မှတ်ယူခြင်းမရှိသောကြောင့်၊ ကိုယ်တော်သည် သူမကို အစေခံရန် အစေခံတစ်ဦးဖြစ်လာခဲ့သည်။ တရားသူကြီး ၂း၁-၃ ရှိ အစ္စရေးထံ ကိုယ်တော်၏စကားမှာ အပြစ်တင်ခြင်း သို့မဟုတ် အမိန့်ပေးခြင်းမဟုတ်ဘဲ၊ အစေခံတစ်ဦး၏ နှိုးဆော်သတိပေးခြင်းဖြစ်သည်။

## III. တရားသူကြီး ၁၇ နှင့် ၁၈ တွင် ဘုရားသခင်ကို ကိုးကွယ်ခြင်း၌ အစ္စရေး၏ အယူလွဲမှားမှုကို ဖွင့်ပြထားသည်။

A. အယူလွဲခြင်းဟူသည်မှာ ဘုရားသခင်၏လမ်းတော်ကို စွန့်ခွာပြီး၊ ဘုရားသခင်ထက် အခြားအရာများနောက်သို့ လိုက်ရန် အခြားလမ်းကို ယူဆောင်ခြင်းဖြစ်ကာ၊ ၎င်းသည် ယေရှုခရစ်၏ နာမတော်အောက်၌လည်းကောင်း၊ ဘုရားသခင်ကို ကိုးကွယ်ခြင်း ဝတ်ရုံအောက်၌လည်းကောင်း အတ္တအတွက် အရာများကို လုပ်ဆောင်ခြင်းဖြစ်သည် - တ၊၉း၂။ ၁၈း၂၆။ ၂ပေ၊ ၂း၂၊ ၁၅၊ ၂၁။ ယု၃၊၁၁။ သူကြီး၊၁၈း၃၀-၃၁။

B. “ထိုလူ မိက္ခာ၌ ဘုရားကျောင်းဆောင်ရှိ၍၊ သင်တိုင်းတော်နှင့် တေရပ်ရုပ်တုကို လုပ်ပြီးမှ၊ မိမိသားများထဲက တစ်ယောက်ကို မိမိ၏ ယဇ်ပုရောဟိတ်အရာ၌ ဆက်ကပ်အပ်နှံထားလေ၏” - ၁၇း၅။

   1. မိက္ခာ၏အိမ်သည် ဘုရားကျောင်းဆောင်အဖြစ် ရုပ်တုများ (ခရစ်တော်ကို အစားထိုးခြင်း)၊ သင်တိုင်း (ဘုရားသခင်၏ အခွင့်အာဏာကို ကိုယ်စားပြုခြင်း) နှင့် ငှားရမ်းထားသည့် ယဇ်ပုရောဟိတ် (အခွင့်ထူးခံ-သာမန်လူတန်းစားစနစ်ကို ကိုယ်စားပြုခြင်း - အငယ်၊၇-၁၂) တို့နှင့်အတူရှိပြီး၊ ယနေ့ ခရစ်ယာန်များအလယ်ရှိ ဘုရားသခင်ကို ကိုးကွယ်ခြင်းနှင့် စပ်လျဉ်းသည့် အယူလွဲနေသော အခြေအနေကို ပုံဖော်ပြသထားသည်။
   2. မိက္ခာ၏ မိခင်သည် ဘုရားသခင်ထံသို့ တစ်စုံတစ်ခုကို ပူဇော်ခဲ့သည်၊ သို့သော် သူမ၏ ပူဇော်သက္ကာသည် ရုပ်တုနှင့် ဆက်နွှယ်သည့် တဆေးဖြင့် ရောနှောထားသည် (အငယ်၊၁-၄)။ ထိုသို့တူညီသော ရောနှောမှုနှင့် အယူလွဲမှုသည် ခရစ်ယာန်လောက၌ တည်ရှိနေဆဲဖြစ်သည်။
   3. မိက္ခာ၏ “ဘုရားကျောင်းဆောင်” (အငယ်၊၅) ရုပ်ပုံကားချပ်ကို ခရစ်ယာန်လောက၏အခြေအနေအဖြစ် ကျွန်ုပ်တို့ ဖော်ပြနိုင်ပေသည်။
   4. ယနေ့ ခရစ်ယာန်လောကတွင် များစွာသော “မိက္ခာ၏အိမ်များ” ရှိနေသည်။ ရောမကာသိုလစ်အသင်းတော်၊ နိုင်ငံအသင်းတော်များ၊ ဂိုဏ်းဂဏများ၊ လွတ်လပ်သောအုပ်စုများစွာတို့မှာ “မိက္ခာ၏အိမ်များ” ဖြစ်ကြကာ၊ ခရစ်တော်ကို အစားထိုးခြင်းများအဖြစ် ရုပ်တုများနှင့် ပြည့်နေသည်။

C. “ဒန်အမျိုးသားတို့သည် မိမိတို့အဖို့ မိက္ခာထုသောရုပ်တုကို တည်ထောင်၍၊” “ဘုရားသခင်၏ အိမ်တော်သည် ရှိလောမြို့၌ ရှိသည့်ကာလပတ်လုံး မိက္ခာသွန်းသောရုပ်တုကိုလည်း တည်ထောင်ကြ၏” - ၁၈း၃၀-၃၁။

1. ဒန်၏ အယူလွဲခြင်းမှာ ကိုးကွယ်ခြင်း၏ ကွဲပြားစေသော အလယ်ဗဟိုကို တည်ထောင်ခြင်းဖြစ်သည် - ၁၇း၉-၁၀။ ၁၈း၂၇-၃၁။ ၁ဘုရင်၊၁၂း၂၆-၃၁။
2. ဒန်သည် မြေ(ခရစ်တော်ကို ပုံဆောင်ခြင်း)ကို ပို၍ရယူရန် ခြသေ့်ပျိုအဖြစ် တိုက်ခိုက်ခဲ့သည်၊ သို့သော် အောင်မြင်ခြင်းနှင့် အနိုင်ယူခြင်းရှိပြီးနောက်တွင် သူသည် မာနထောင်လွှားလာကာ၊ တစ်သီးပုဂ္ဂလဖြစ်ခြင်း၊ သီးခြားလွတ်လပ်ခြင်း ရှိလာခဲ့သည် - တရား၊၃၃း၂၂။ ယောရှု၊၁၉း၄၇။ သူကြီး၊၁၈း၂၇-၃၁။
3. ဒန်အမျိုးက ရယူခဲ့သောအရာသည် သူတို့ကို မာနထောင်လွှားခြင်း၊ သီးခြားလွတ်လပ်ခြင်းဖြစ်စေပြီး၊ သခင်ဘုရား စီမံထားခဲ့သောအရာကို ဝန်ခံရန် အလိုဆန္ဒမရှိဘဲ နေခဲ့ကြသည် - အငယ်၊၁-၃၁။ တရား၊၁၂း၅၊ ၈။
   a. ဒန်သည် အောင်နိုင်ခဲ့သောကြောင့် သူသည် မာနထောင်လွှားကာ၊ တစ်သီးပုဂ္ဂလဖြစ်လာခဲ့သည်။ သူသည် မိမိအတွက်သာ ဂရုစိုက်ပြီး၊ အခြားသူများအတွက် ဂရုစိုက်ခြင်းမရှိတော့ပေ - ၃၃း၂၂။ သူကြီး၊၁၈း၂၇-၃၁။
   b. ဒန်၏အယူလွဲခြင်း အရင်းအမြစ်မှာ အခြားမျိုးနွယ်စုများအတွက် ဂရုမစိုက်ခြင်း၌ ဖြစ်သည်။ ကိုယ်ခန္ဓာတော်၏ အခြားအစိတ်အပိုင်းများကို ဂရုမစိုက်ခြင်းသည် အယူလွဲခြင်း၏ အရင်းအမြစ်ဖြစ်သည်။
4. အစ္စရေး၏သမိုင်းကြောင်းတစ်လျှောက် ဘုရား၏လူမျိုးတော်ကို ပို၍ အပြစ်ပြည့်ဝစေသော၊ ပို၍ ပျက်စီးစေသော အရာမှာ ကိုးကွယ်ခြင်း၏ ကွဲပြားစေသော အလယ်ဗဟိုကို တည်ထောင်ခြင်း၌ ဒန်၏အယူလွဲခြင်းထက် အခြား မရှိတော့ပေ - က၊၄၉း၁၆-၁၈။ တရား၊၃၃း၂၂။ သူကြီး၊၁၈း၁၊ ၃၀-၃၁။
5. ကွဲပြားစေသော အလယ်ဗဟိုမှန်သမျှသည် တစ်ဦးတစ်ယောက်၏ အတ္တကိုယ်ကျိုး စိတ်ဝင်စားမှုအတွက် တည်ထားခြင်းဖြစ်သည်။ ထိုသို့သော အလေ့အထသည် ကွဲပြားခြင်းကို ဖြစ်စေရုံသာမက၊ ယုဉ်ပြိုင်မှုကိုလည်း ဖြစ်ပေါ်စေသည် - အငယ်၊၁၊ ၁၃-၃၁။ က၊၄၉း၁၆-၁၈။ တရား၊၃၃း၂၂။
   a. တဲတော်သည် ရှိလောမြို့၌ရှိသည်၊ ထုလုပ်ထားသော ရုပ်တုသည် ဒန်မြို့၌ရှိသည် - ယောရှု၊၁၈း၁။
   b. "ဘုရားသခင်၏ အိမ်တော်သည် ရှိလောမြို့၌ ရှိသည့်ကာလပတ်လုံး … သွန်းသောရုပ်တုကိုလည်း တည်ထောင်ကြ၏" - သူကြီး၊၁၈း၃၁။ ၁ရှမွေ၊၁း၃။
6. ခရစ်ယာန်လောက၏သမိုင်းကြောင်း၌ များစွာသော "ဒန်များ" ရှိခဲ့ပြီး၊ သူတို့သည် အခြားသူများထံ ဝန်ခံရန် အလိုမရှိကြဘဲ၊ ကိုးကွယ်ခြင်း၏ အခြားသော အလယ်ဗဟိုကို တည်ထောင်သူများဖြစ်ကြသည် - သူကြီး၊၁၈း၁၊ ၁၃-၃၁။
7. အယူလွဲခြင်းအထဲသို့ ကျဆင်းသွားခြင်းမှ ကာကွယ်စောင့်ရှောက်ခံရရန် အကောင်းဆုံးသော နည်းလမ်းမှာ ကိုယ်ခန္ဓာတော်တစ်ခုလုံးနှင့် သခင်ဘုရား၏တစ်ခုတည်းသော အလုပ်ရှိ သခင်ဘုရား၏ တုန့်ပြန်ရာမဲ့ သက်သေခံချက်ကိုသာ ဂရုစိုက်ခြင်းဖြစ်သည် - ၁ကော၊၁၀း၁၇။ ၁၂း၁၂၊ ၂၇။

D. သမ္မာကျမ်းစာရှိ အခိုင်မာဆုံး ပရောဖက်ပြုချက်တစ်ခုမှာ သခင်ဘုရားပြန်ကြွလာခြင်း မတိုင်မီတွင် ကိုယ်တော်၏လူများ အလယ်၌ ကြီးစွာသော အယူလွဲခြင်း ရှိလိမ့်မည်ဖြစ်သည် - ၂သက်၊၂း၃။
1. ရှေ့ဦးစွာ အယူလွဲခြင်း ရောက်လာခြင်း မရှိဘဲ၊ သခင်ဘုရား၏ ကြွလာခြင်းနေ့ရက်သည် ရောက်လာမည်မဟုတ်ပါ - အငယ်၊၂-၃။
2. ဤအယူလွဲခြင်းသည် ကျမ်းစာတွင် ဖွင့်ပြထားသည့် ဘုရားသခင်၏ စီမံကိန်း ဖြောင့်တန်းသောလမ်းမှ ကျဆင်းသွားခြင်း ဖြစ်လိမ့်မည် - ၁တိ၊၁း၄။ ၈၊၁း၁၀။ ၃း၉။
3. ယနေ့ပင်လျှင် အချို့သော ခရစ်ယာန်များအလယ်တွင် ဓမ္မသစ်၏ ဖြောင့်တန်းသောလမ်းကို စွန့်ခွာရန် ယိမ်းယိုင်မှုများ ရှိနေလေသည် - ၂ပေ၊၂း၁၅။

E. ၂ပေတရုစာစောင်၏ နောက်ခံအကြောင်းနှင့် ဝန်တာမှာ အယူလွဲခြင်း - ဘုရားသခင့် သမ္မာတရား၏ ဖြောင့်တန်းသောလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်ခြင်း - ဖြစ်သည် - ၂း၁။

1. အယူလွဲခြင်းသည် ယုံကြည်သူများကို လူသားဆိုင်ရာ တွေးရခက်သော အတွေးအခေါ်များ၏ ယုတ္တိဗေဒအထဲသို့ ဦးဆောင်သွားခြင်းအားဖြင့် ဘုရားသခင်၏စီမံကိန်းမှ နှောင့်ယှက်တားဆီးနေသည် - ကော၊၂း၈။
2. အယူလွဲသူများ၏ သွန်သင်ခြင်းများသည် ယုံကြည်သူများကို အသက်ကို ပေးသည့် အသက်ပင် ယူဆောင်စားသုံးခြင်းသို့ ဦးဆောင်ခြင်းမဟုတ်ဘဲ၊ သေခြင်းကို ယူဆောင်လာသည့် သိကျွမ်းရာအပင်ကိုသာ ပါဝင်ဆက်ဆံစေသည် - က၊ ၂း၉၊ ၁၆-၁၇။ ၂ကော၊၁၁း၂-၃၊ ၁၂-၁၅။
3. အယူလွဲခြင်းကို ဖြေရှင်းရာတွင် ပေတရုအသုံးပြုသည့် ဖြေဆေးများမှာ အသက်၏ ထောက်ပံ့မစခြင်းနှင့် သမ္မာတရား၏ဖွင့်ပြခြင်းတို့ဖြစ်သည် - ၂ပေ၊၁း၃-၂၁။
   a. အပိုဒ်ငယ် ၃ မှ ၁၁ အထိ ပေတရုက မှန်ကန်သင့်လျော်သည့် ခရစ်ယာန်အသက်တာအတွက် ဘုရားဆိုင်ရာ အသက်မစထောက်ပံ့ခြင်းကို အသုံးပြုပြီး၊ အယူလွဲခြင်းကို ဆန့်ကျင်၍ ကာကွယ်ဆေးထိုးခဲ့သည်။
   b. အပိုဒ်ငယ် ၁၂ မှ ၂၁ အထိ သူသည် ဘုရားဆိုင်ရာ သမ္မာတရားဖွင့်ပြခြင်းကို အသုံးပြု၍၊ အယူလွဲခြင်း၌ရှိသည့် မိစ္ဆာဒိဋ္ဌိအယူကို ဆန့်ကျင် ကာကွယ်ဆေးထိုးပေးခဲ့သည် - ၂း၁ မှတ်စု ၃။
4. ယနေ့ ခရစ်ယာန်လောကသည် အယူလွဲခြင်းနှင့် ပြည့်နေသည့်အတွက်ကြောင့် သခင်ဘုရားသည် ပြန်လည်ရယူခြင်း - အသက်နှင့် သမ္မာတရားကို ပြန်လည်ရယူခြင်း လိုအပ်နေသည် - ယော၊၁း၄။ ၈း၁၂။ ၁၀း၁၀ခ။ ၁၄း၆။ ဗျာ၊၂း၄၊ ၁၅။

F. ယနေ့ အယူလွဲခြင်း ကာလတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ စင်ကြယ်သော နှုတ်ကပတ်တော်၏ ပြည့်စုံသော ဖွင့်ပြခြင်းကို သက်သေခံကာ၊ ဘုရားသခင့်နှုတ်ကပတ်တော်တွင် ဖွင့်ပြထားသည့် နက်ရှိုင်းသည့် သမ္မာတရားများအတွက် တိုက်ခိုက်ရမည်၊ ၎င်းတို့မှာ၊
1. ဘုရားသခင်၏ ထာဝရစီမံကိန်းနှင့် စပ်လျဉ်းသည့် ဖွင့်ပြခြင်း - ဧ၊၁း၁၀။ ၃း၉။
2. ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းနှင့် စပ်လျဉ်းသည့် ဖွင့်ပြခြင်း - ၂ကော၊၁၃း၁၄။ ဗျာ၊၁း၄-၅။
3. အရာအားလုံးပါဝင်သော ခရစ်တော်၏ ပုဂ္ဂိုလ်တော်နှင့် အလုပ်နှင့် စပ်လျဉ်းသည့် ဖွင့်ပြခြင်း - ကော၊၂း၉၊ ၁၆-၁၇။ ၃း၁၁။
4. ပြီးမြောက်ပြည့်စုံသည့် အသက်ပေးသောဝိညာဉ်တော်နှင့် စပ်လျဉ်းသည့် ဖွင့်ပြခြင်း - ယော၊၇း၃၉။ ၁ကော၊၁၅း၄၅ခ။ ဗျာ၊၂၂း၁၇။
5. ဘုရားသခင်၏ထာဝရအသက်နှင့် စပ်လျဉ်းသည့် ဖွင့်ပြခြင်း - ယော၊၃း၁၅-၁၆။
6. ဘုရားသခင်၏ အသင်းတော် တည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်နှင့် စပ်လျဉ်းသည့် ဖွင့်ပြခြင်း - ဧ၊၁း၂၂-၂၃။ ၁ကော၊၁၂း၁၂-၁၃၊ ၂၇။ ၁၀း၃၂။

© 2021 Living Stream Ministry